# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၇၇)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက် ၊ ၁၁-၉-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



နမ့်တွန်ကြိုးဝိုင်းတော သဘာဝရှုခင်းပုံ။

## နမ့်တွန်ကြိုးဝိုင်းတောဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၅၂၀၀ ဧကရှိသောနယ်မြေကို **“နမ့်တွန်ကြိုးဝိုင်းတော”** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ ဖွဲ့စည်းလိုက်သည်။

စာမျက်နှာ ၄ သို့ ○

## မုံရွာစက်မှုဇုန်ရှိ ပါဝါဂျုံမှုန့်စက်ရုံတွင် တစ်ရက်လျှင် ဂျုံစေ့တန် ၅၀ ကြိတ်ခွဲပြီး ဂျုံမှုန့် နှစ်တင်းဝင်အိတ် ၃၀၀ ထုတ်လုပ်လျက်ရှိ

မုံရွာ စက်တင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန်ရှိ ပါဝါဂျုံမှုန့်စက်ရုံတွင် တစ်ရက်လျှင် ဂျုံစေ့တန် ၅၀ ကြိတ်ခွဲပြီး ဂျုံမှုန့် နှစ်တင်းဝင်အိတ် ၃၀၀ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ သို့ ✢

## ASEAN Smoke Free Award (၂၀၂၆) တတိယဆုကို သံဖြူဇရပ်မြို့နယ် ရရှိ



နေပြည်တော် စက်တင်ဘာ ၁၀

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီး တိုက်ဖျက်ရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအား ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ရန်အတွက် “ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ (၂၀၀၆)” နှင့်အညီ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် (၂၀၂၆)ခုနှစ်၊ ASEAN Smoke Free Award တတိယဆုကို မြန်မာနိုင်ငံ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့်အတူ

စာမျက်နှာ ၄ သို့ ✪

## မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောက်စံဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းမှ သီးနှံစုံ ဧက ၉၇၀ လျာထား စိုက်ပျိုးနိုင်



မင်းဘူး(စကု)မြို့နယ်၌ ကျောက်စံဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေထားမှုကို တွေ့ရစဉ်။

မင်းဘူး စက်တင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောက်စံ 215KW ဆိုလာဓာတ်အားပေးစနစ် လျှပ်စစ်ရေတင်လုပ်ငန်းမှ ဒေသခံတောင်သူများအတွက် သီးနှံစုံ ဧက ၉၇၀ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဇွန် ၂၆ ရက်မှစ၍

စာမျက်နှာ ၃ သို့ ❖

## ယနေ့ ဖတ်စရာ အညွှန်း


ချူအိုဟုခေါ်သော ခေါက်နိုင်သည့် အိုင်ပုန်းအမျိုးအစားသစ်ကို အက်ပဲလ်ကုမ္ပဏီက အကြီးမားဆုံးပြောင်းလဲမှုအဖြစ် ပြသ — စာမျက်နှာ ၈

ရာအူးလ်၏ ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကို ဘာပေ လိုက်မီ — စာမျက်နှာ ၁၁

ဇီးပင်ကြီး နှစ်ခါရောက်တော့ ဝမ်းမြောက်လို့ ခါးထောက်မိ (ဆောင်းပါး) — စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် (၁၇း၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၁၁ ရက် ၊ သောကြာနေ့။

# နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ကမ္ဘာကြီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲ လျော့နည်းလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရေရှားပါးမှု၊ မြေဆီလွှာပျက်စီးမှု၊ လေထုညစ်ညမ်းမှု၊ ပလပ်စတစ်နှင့် အမှိုက်ပြဿနာများစသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ပိုမိုရှုပ်ထွေးများပြားလာပြီး ရာသီဥတုပြောင်းလဲမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုတည်းသာမက စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ သစ်တော၊ ကျန်းမာရေး၊ ရေအရင်းအမြစ်၊ အခြေခံအဆောက်အအုံ၊ စီးပွားရေးနှင့် လူမှုဘဝအားလုံးကို ထိခိုက်စေနိုင်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုကြီး တစ်ခုဖြစ်လာခြင်းကြောင့် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခန်းကဏ္ဍသည် ယခင်ကထက် ပိုမိုအရေးကြီးလာကြောင်း၊ သို့ဖြစ်ပါ၍ သစ်တောကဏ္ဍသည် အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု သဘာဝပတ်ဝန်းကျင် ထာဝစဉ် တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတရေးတို့ကို အကျိုးပြုရာမှာ အရေးပါသောကြောင့် တက္ကသိုလ်တက်ရောက်စဉ်ကတည်းက သစ်တောနှင့် ပတ်သက်သည့် စီမံအုပ်ချုပ်ရေးဆိုင်ရာပညာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာများကို နားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူလေ့လာ၍ အရည်အချင်းပြည့်ဝသော ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများမှ လည်း သင်ကြားပေးနေသကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်မှ ချမှတ်ထားသော စည်းကမ်းများအား လိုက်နာပြီး အစွမ်းကုန် ကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတွေ့ဆုံရာတွင်ပြောကြားသည်။

"နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသည့် မူဝါဒနှင့်အညီ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခြင်းအပြင် မိသားစုအလိုက်၊ လူမှုရေးအသင်းအဖွဲ့များအလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက်၊ သစ်ပင်စိုက်ပျိုးခြင်းကိုလည်း ဒေသအသီးသီး၌ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် စိုက်ပျိုးလျက်ရှိသည်။ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေးကိုလည်း အထူးအလေးထား စိုက်ပျိုးထိန်းသိမ်းလျက်ရှိသည်။

သစ်ပင်သစ်တောများ တည်ရှိနေခြင်းသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွား၊ အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ဟူသည့် မူဝါဒနှင့်အညီဆောင်ရွက်လျက်ရှိသည်။

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ပျော်ဘွယ်မြို့နယ်၌ ခေတ်မီစံပြကျေးရွာ(SMART Village) ထူထောင်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ ပြုလုပ်

ပျော်ဘွယ် စက်တင်ဘာ ၁၀

ပျော်ဘွယ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်သည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဆန်းက ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံကိန်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျေးရွာများကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စံပြကျေးရွာများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်သည့် စီမံကိန်းဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများကို အလေးထားပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ၊ ဆောင်ရွက်သည့်နည်းလမ်း၊ စီမံကိန်းဧရိယာ၊ စီမံကိန်းကာလ၊ SMART Village စီမံကိန်း၏ အဓိကလုပ်ငန်းစဉ်(၆)ရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက SMART Village စီမံကိန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းများ အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျော်စွာထက်(ပျော်ဘွယ်)

ဝ-ဝ-ဝ-ဝ-ဝ

## (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြု လူကုန်ကူးမှုအသိပညာပေးဆောင်ပုဒ် မြေစိုက်ပိုစတာစိုက်ထူ

**မန္တလေး စက်တင်ဘာ ၁၀**

၂၀၂၆ခုနှစ် စက်တင်ဘာ (၁၃)ရက်နေ့တွင် ကျရောက်မည့် (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် "လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ" လူကုန်ကူးမှုအသိပညာပေးဆောင်ပုဒ်မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် ၈၆ လမ်း၊ ၁၅ လမ်းနှင့် ၁၆ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်ကွက်တွင် ကျင်းပသည်။

အခမ်းအနား၌ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးခံစောင့်ရှောက်ရေးဂေဟာ (မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေအောင်ကျော်၊ မန္တလေးတိုင်းဒေသကြီးလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)တပ်ဖွဲ့စုမှူး ရဲမှူး ခင်မာဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၄)နယ်မြေရဲစခန်းမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

"လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ" လူကုန်ကူးမှုအသိပညာပေးဆောင်ပုဒ်မြေစိုက်ပိုစတာစိုက်ထူခြင်းအား ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)မှဒုတိယညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ အမှတ်(၁၁)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)တပ်ဖွဲ့စုမှူး ရဲမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

ဝ-ဝ-ဝ-ဝ-ဝ



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## နေပြည်တော်အတွင်း လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၀

နေပြည်တော်အတွင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းများနှင့် Charging Station များ ဖွင့်လှစ်ခွင့်ပြုပါရန် တင်ပြလာခြင်းများကို တွေ့ရှိရပြီး သက်ဆိုင်ရာဌာနများမှ လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းများနှင့် Charging Station များ ဖွင့်လှစ်ခွင့်အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှု ရှိ / မရှိ စနစ်တကျ စစ်ဆေးရန်လိုအပ်ပါကြောင်း၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များ ထုတ်လွှတ်သည့်ယာဉ်များ သုံးစွဲမှုအစား EV သုံးစွဲမှုမှ တစ်ဆင့် ရပ်ကွက်လောင်စာအပေါ် မှီခိုရမှု၊ စက်သုံးဆီအတွက် နိုင်ငံခြားငွေ ကုန်ကျစရိတ်များကို လျှော့ချနိုင်ရေး၊ လေထုနှင့် အသံညစ်ညမ်းမှုများ လျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုအပါအဝင် အခြားဆုလာဘ်များကို ပြည်သူတို့ ရရှိခံစားနိုင်စေရေးအတွက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် ပြည်တွင်းထုတ်လုပ်ရေးကို မြှင့်တင်နိုင်ရေးအတွက် သုတေသနများ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထွန်းလင်း(ဧယျာမြေ)



✣ မုံရွာမှ

အဆိုပါစက်ရုံအတွင်း ဂျုံကြိတ်ခွဲထုတ်လုပ်နေမှု၊ ကုန်ကြမ်း သိုလှောင်ထားရှိမှုနှင့် ပါကင်ထုပ်ပိုးနေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ကြည့်ရှုစဉ် တိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သွားရန်၊ ကုန်ကြမ်းများရရှိစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဂျုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် လမ်းခရီးအဆင်ပြေမှုရှိစေရေး ဆောင်ရွက်ပေးသွားရန် ပြောကြားသည်။

ထို့မှတစ်ဆင့် မုံရွာစက်မှုဇုန်ရှိ "အေးငြိမ်းသီတာ" ဆေးဝါး ထုတ်လုပ်ရေး စက်ရုံအတွင်း တိုင်းရင်းဆေးဝါးကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ ခေတ်မီစက်များဖြင့် ဆေးဝါးအမျိုးမျိုး ထုတ်လုပ်နေမှုနှင့် ပါကင်ထုပ်ပိုးနေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေလီ (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အမှတ် (၆) ဓာတ်အားပေးစက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် မူဆယ်နှင့် နမ့်ခမ်းမြို့များတွင် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် စက်တင်ဘာ ၁၀

ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်ဘက် ၁၇ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ တည်ဆောက်ထားရှိပြီး မိုးရာသီကာလ နိုင်ငံပိုင်ရေအားစက်ရုံများ ရေဝင်ကောင်းမွန်သည့်ကာလတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိရာ စက်ရုံရှိ အမှတ်(၆) ဓာတ်အားပေးစက်၏ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ ချို့ယွင်းမှုနည်းပါးပြီး ကြံ့ခိုင်ကောင်းမွန်လာစေခြင်း၊ ရေရှည်အသုံးပြုနိုင်ခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးထားသော မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ဓာတ်အားလိုင်းများ တစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းများနှင့် သစ်ပင်သစ်ကိုင်းများထိ၍ ဗို့အားကျဆင်းခြင်းမှ ကင်းဝေးစေရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ရေဆင်းဓာတ်အားလိုင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း၊ ၃၃ ကေဗွီ ဇေယျာသီရိဓာတ်အားလိုင်းကို စက်တင်ဘာ ၁၃ ရက်နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း ဓာတ်အားပိတ်၍လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါဓာတ်အားလိုင်းအနီးရှိ ရုံးဌာနများ၊ ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

❖ မင်းဘူးမှ

စိုက်ပျိုးရေများ ပေးဝေဖြန့်ဖြူးလျက်ရှိပြီး ခရိုင်နှင့်မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ ကျောက်စံရေတင်စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးချိန် စိုက်ပျိုးရေရရှိရေးအတွက် စနစ်တကျ ဖြန့်ဖြူးပေးဝေလျက်ရှိသည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် လျှပ်စစ်ရေတင်လုပ်ငန်းဧရိယာအတွင်း အကျိုးပြုဧရိယာ ဧကပေါင်း ၉၇၀ ရှိသည့်အနက် မိုးစပါးဧက ၅၄၀၊ နှမ်းဧက ၅၀၊ ပဲတီစိမ်း ၉၅ ဧက၊ ပဲစင်းငုံ ၃၅ ဧက၊ ပြောင်း ၄၅ ဧက အခြားသီးနှံ ၂၀၅ ဧကကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ဧကပေါင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ လျှပ်စစ်ရေတင်လုပ်ငန်းစီမံကိန်းဧရိယာ၌ လာမည့်စိုက်ပျိုးရာသီများတွင်လည်း လျာထားဧကများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

စာအုပ်စာပေ လှူမိတ်ဆွေ



# ထောပတ်သီးနှံ GAP စိုက်ပျိုးရေးနှင့် GACC မှတ်ပုံတင်ရရှိရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**ဟိုပုံး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ထောပတ်သီးနှံကို အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးစံနှုန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးနှင့် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် လိုအပ်သည့် GACC မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာနှင့် နည်းပညာများ ရရှိစေရေး ရည်ရွယ်၍ ထောပတ်သီးနှံ GAP စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် တရုတ်နိုင်ငံ GACCတွင် မှတ်ပုံတင်ရရှိနိုင်ရေး နည်းပညာပေးသင်တန်းကို ယနေ့ နံနက် ၁၀ နာရီခွဲက လုံခုတ်ကျေးရွာအုပ်စု၊ (ဟိုပုံးလေးစက်ရုံ)ဟိုနမ့်ရွာ၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စိုက်ပျိုးရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်သက်သက်အေးမှ ထောပတ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု အဆင့်ဆင့်၌ ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များ (Good Agricultural Practices-GAP)ကို လက်တွေ့လိုက်နာကျင့်သုံးနိုင်ရေးအတွက် မြေယာနှင့် စိုက်ခင်းပြင်ဆင်ခြင်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်အသုံးပြုခြင်း၊ ရေသွင်းခြင်းနှင့် မြေဩဇာအသုံးပြုခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်း၊ ပိုးမွှားနှင့် ရောဂါများကို ကာကွယ်နှိမ်နင်းခြင်းနှင့် တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရာတွင် လိုအပ်သည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ တရုတ်နိုင်ငံ၏ General Administration of Customs of China(GACC) တွင် မှတ်ပုံတင်လျှောက်ထားရရှိနိုင်ရေးအတွက် လိုအပ်ချက်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းစဉ်များကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းဝင်းမှ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စိုက်ပျိုးရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်သက်သက်အေး၊ ရှမ်းပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စုရည်၊ ရှမ်းပြည်နယ် မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မိုး၊ ရှမ်းပြည်နယ်မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။ **(မန္တလေးနေ့စဉ်-၅)**

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၀**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစားရုံ (C)၌ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲအတိုက်ပွဲစဉ်များအဖြစ် အမျိုးသား (-၄၂၊ -၅၀၊ -၅၅၊- ၆၀) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသမီး (-၄၂၊ -၅၂၊ -၆၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသား (-၄၂၊ -၅၀၊ -၅၅၊ - ၆၀) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် မင်းခန့်ကျော်(ကရင်)နှင့် ဝေယံလင်း(ရန်ကုန်)တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေယံလင်း(ရန်ကုန်)က မင်းခန့်ကျော်(ကရင်)ကိုလည်းကောင်း၊ (-၅၀)ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ခိုင်ခန့်(ရန်ကုန်)နှင့် စောလင်းလက်ကြယ်စင်(ကရင်)တို့ ယှဉ်ပြိုင်ခဲ့ရာ ခိုင်ခန့်(ရန်ကုန်)က စောလင်းလက်ကြယ်စင် (ကရင်) ကို လည်းကောင်း၊ (-၅၅) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ဖြိုးမာန်နိုင်(ကယား)နှင့် ဇော်မျိုးထက် (မန္တလေး)တို့ ယှဉ်ပြိုင်ခဲ့ရာ ဖြိုးမာန်နိုင်(ကယား)က ဇော်မျိုးထက် (မန္တလေး) ကိုလည်းကောင်း၊ (-၆၀) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် နိုင်ဟိန်းထက်(မန္တလေး)နှင့် ဝေလင်းထွေး(ဧရာဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေလင်းထွေး (ဧရာဝတီ) က နိုင်ဟိန်းထက်(မန္တလေး)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (-၄၂၊ -၅၂၊ -၅၇၊ -၆၃) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ကြည်လဲ့လဲ့ထွန်း (ရှမ်း) နှင့် အိချစ်ဆုစံ(ရန်ကုန်)တို့ ယှဉ်ပြိုင်ခဲ့ရာ အိချစ်ဆုစံ (ရန်ကုန်)က ကြည်လဲ့လဲ့ထွန်း(ရှမ်း)ကိုလည်းကောင်း၊ (-၅၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် သဇင်ဖြိုး(ကချင်)နှင့် နှင်းဝတ်မှုံလွင် (ဧရာဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ နှင်းဝတ်မှုံလွင် (ဧရာဝတီ)က သဇင်ဖြိုး (ကချင်) ကိုလည်းကောင်း၊(-၅၇)ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် နန်းမိုးပွင့်ဖြူ (ကရင်)နှင့် ဘမ်းတောင် (ကချင်) တို့ ယှဉ်ပြိုင်ခဲ့ရာ ဘမ်းတောင် (ကချင်)က နန်းမိုးပွင့်ဖြူ (ကရင်) ကိုလည်းကောင်း၊(-၆၃)ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် သီတာအောင် (ပဲခူး)နှင့် စန္ဒာဝင်း(ချင်း)တို့ ယှဉ်ပြိုင်ခဲ့ရာ စန္ဒာဝင်း(ချင်း)က သီတာအောင်(ပဲခူး)ကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး (-၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဘမ်းတောင်(ကချင်)၊ ဒုတိယဆုရရှိသည့် နန်းမိုးပွင့်ဖြူ (ကရင်)၊ တတိယဆုရရှိသည့် ခင်ထွေးထွေးအောင် (မန္တလေး) နှင့် ပူးတွဲတတိယဆုရရှိသည့် ငွေအိမ်စံ (ရှမ်း)တို့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးက လည်းကောင်း၊ အမျိုးသမီး (-၆၃) ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စန္ဒာဝင်း(ချင်း)၊ ဒုတိယဆုရရှိသည့် သီတာအောင်(ပဲခူး)၊ တတိယဆုရရှိသည့် ခိုင်ဇင်ထက်(မန္တလေး) နှင့် ပူးတွဲတတိယဆုရရှိသည့် နန်းနုနုခေါင်(ရှမ်း)တို့အား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်က လည်းကောင်း၊ အမျိုးသား (-၅၅) ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဖြိုးမာန်နိုင်(ကယား)၊ ဒုတိယဆုရရှိသည့် ဇော်ဖြိုးထက် (မန္တလေး)၊ တတိယဆုရရှိသည့် မင်းဇော်ဟိန်း (ရခိုင်)နှင့် ပူးတွဲတတိယဆုရရှိသည့် ခွန်နေလင်းအောင် (ရှမ်း) တို့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၏ဇနီး ဒေါ်ဝေဝေက လည်းကောင်း၊ အမျိုးသား (-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဝေလင်းထွေး (ဧရာဝတီ)၊ ဒုတိယဆုရရှိသည့် နိုင်ဟိန်းထက် (မန္တလေး)၊ တတိယဆုရရှိသည့် တင်မိုး(နေပြည်တော်)နှင့် ပူးတွဲ တတိယဆုရရှိသည့် ဟိန်းဆက် (ကယား)တို့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (+၆၃၊ -၆၀၊ -၇၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV HD၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွားစောကျေးရွာအုပ်စု၊ သူဌေးကန်ကျေးရွာ၌ ဒုတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက သူဌေးကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများအား တွေ့ဆုံ၍ သိရှိလိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သူဌေးကန်ကျေးရွာ ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၂၅ ဒသမ ၅၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၄၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၇၆ သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၉၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၀ ဦးကို ဒုတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

○ ရှေ့ဖုံးမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒေသမျိုးရင်းသစ်မျိုးများနှင့် တိရစ္ဆာန်များ၏ မူရင်းဒေသတိုးပွားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်၊ ရေမြေထိန်းသိမ်းရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်နှင့် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်၍ ကြိုးဝိုင်းတောကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။

နမ့်တွန်ကြိုးဝိုင်းတောဖွဲ့စည်းခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ထောက်ကြန့်စသည့် အဖိုးတန်သစ်မျိုးများနှင့် လက်ပံ၊ ဖန်ခါး၊ သစ်စေး၊ ဆီးဖြူ၊ ဘုံမဲဇာသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထာဝစဉ်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ခြင်း၊ တောကြောင်၊ ချေ၊ တောင်ဆိတ်၊ ယုန်၊ ဆတ်၊ မျောက်စသည့် တိရစ္ဆာန်များ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

○ ASEAN မှ

အင်ဒိုနီးရှားနိုင်ငံ ဒီးပေါ့ခ်မြို့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ ဖိလစ်ပိုင်နိုင်ငံ ပါစစ်မြို့နှင့် ထိုင်းနိုင်ငံ မဟာဆာရာခမ်မြို့တို့က ရရှိခဲ့သည်။

ထို့အတူ ဒုတိယဆုကို မလေးရှားနိုင်ငံ ဂျော့ရှ်တောင်းမြို့က လည်းကောင်း၊ ပထမဆုကို ဖိလစ်ပိုင်နိုင်ငံ ဘာဂီယိုမြို့က လည်းကောင်း ရရှိခဲ့သည်။

အဆိုပါဆုကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသော (၁၇)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO၊ DPLA၊ KNDF နှင့် PDF အမည်ခံအဖွဲ့ဝင် ၆၀ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၁၀

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများအား အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ယနေ့တွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ အင်းလေး PDF ၁၀ ဦး၊ ယင်းမာပင် PDF သုံးဦး၊ DPLA ခြောက်ဦး၊ KNDF နှစ်ဦး၊ ဖယ်ခုံ PDF တစ်ဦး၊ လွိုင်ကော် PDF တစ်ဦး၊ PNLO အဖွဲ့ဝင် ၃၇ ဦး စုစုပေါင်း ၆၀ တို့သည် ပစ္စတိုသေနတ် နှစ်လက်၊ M-22 သေနတ် နှစ်လက်၊ MA-1 သေနတ် နှစ်လက်၊ Type- 81 သေနတ် ကိုးလက်၊ AK-47 သေနတ် ၁၃ လက်၊ M-16 သေနတ် သုံးလက်၊ BA -72 သေနတ် တစ်လက်၊ ပွိုင့် -၂၂ သေနတ် တစ်လက်၊ နှစ်လုံးပြူးသေနတ် တစ်လက်၊ Bazooka တစ်လက် စုစုပေါင်းလက်နက်မျိုးစုံ ၃၅ လက်၊




လက်ပစ်ဗုံး တစ်လုံး၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ကျည်မျိုးစုံ ရှစ်တောင့်၊ ယမ်းတောင့် တစ်ခုတို့နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် တောင်ကြီးမြို့နယ်မှ အမျိုးသား သုံးဦး၊ ရပ်စောက်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်ရွှေမြို့နယ်မှ အမျိုးသား ၁၀ ဦး၊ ဖယ်ခုံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ဆီဆိုင်မြို့နယ်မှ အမျိုးသား ၂၃ ဦး နှင့် အမျိုးသမီး တစ်ဦး၊ ပင်လောင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသမီး တစ်ဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသား ငါးဦး၊ ယင်းမာပင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပုလဲမြို့နယ်မှ အမျိုးသား တစ်ဦးတို့အား ပြန်လည်ကြိုဆိုလက်ခံခြင်းနှင့် ဆုကြေးငွေ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်း/ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အလင်းဝင်ရောက်လာသူလူငယ်များအား အသိပညာပေး ရှင်းလင်း ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပစ္စတို တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ် သိန်း ၄၀၊ Bazooka တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ ရိုင်ဖယ်အုပ်စုဝင် သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ၃၁ လက်အတွက် ငွေကျပ်သိန်း ၁၅၅၀၊ နှစ်လုံးပြူးသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၆၀ အတွက် ဆုကြေးငွေ ကျပ်သိန်း ၁၂၀ စုစုပေါင်း ငွေကျပ် ၁၈၁၈ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး အလင်းဝင်ရောက်လာသူများကိုယ်စား အလင်းဝင်ရောက်လာသူတစ်ဦးမှ ကျေးဇူးတင် စကား ပြန်လည်ပြောကြားကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်သည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-



၁။ PDF အကြမ်းဖက်အဖွဲ့က မဝင်မနေရ ခြိမ်းခြောက်စည်းရုံးခဲ့တဲ့အတွက် PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အကြမ်းဖက် PDF အဖွဲ့ဝင်တွေက ပြည်သူတွေအပေါ် ဆက်ကြေးတွေ ကောက်ခံခဲ့တယ်။ အထက်အရာရှိ ခေါင်းဆောင်တွေက ကျွန်တော်ကို ဆဲဆိုပြောဆိုခြင်းတွေရှိခဲ့တယ်။ ထွက်ပြေးရင်လည်း မိဘ၊ ညီအစ်ကို မောင်နှမတွေကို ဖမ်းဆီးမယ်ဆိုပြီး ပြောတယ်။ ကျွန်တော် စိတ်ဓာတ်ကျခဲ့ရတယ်။ ထွက်ပြေးခဲ့ပြီး အခုလို အလင်းဝင်ရောက်လာခဲ့ရခြင်းဖြစ်တယ်။ တပ်မတော်အနေနဲ့ အလင်းဝင်ရောက်လာတဲ့လူငယ်တွေကိုလည်း နွေးထွေးစွာကြိုဆိုပေးတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေသေးတဲ့လူငယ်တွေကိုအကြမ်းဖက်အဖွဲ့ရဲ့ ဝါဒဖြန့်ပြောစကားတွေကို နားမထောင်ဘဲ တပ်မတော်ထဲကို အလင်းဝင်ရောက်လာခဲ့ဖို့ တိုက်တွန်းလိုပါတယ်။



၂။ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ သူငယ်ချင်းတွေရဲ့ စည်းရုံးမှုနဲ့ ကျွန်တော်အဖွဲ့ထဲကို ပါသွားတာပါ။ အဖွဲ့ထဲမှာနေစဉ်ကာလကလည်း ခေါင်းဆောင်ပိုင်းတွေက သူတို့အချင်းချင်းလည်း မတည့်ကြဘူး နေရာလုနေကြတယ်။ လက်အောက်ငယ်သားတွေကို ဖိနှိပ်တာမျိုး ရပိုင်ခွင့်အပြည့်အဝ မရတာတွေလည်း ပါတာပေါ့။ နောက်ပိုင်းကျတော့ ကျွန်တော်လည်း ထိတွေ့တိုက်ပွဲတွေဖြစ်တဲ့ အချိန်ကျရင် သေမှာကြောက်တာတစ်ဖက်၊ အခွင့်အလမ်းမရှိတာတစ်ဖက်၊ အဲဒါကြောင့် ထွက်ပြေးခဲ့တာပါ။ တပ်မတော်တက်ကိုအလင်းဝင်လာတော့ ကောင်းကောင်းမွန်မွန်နဲ့ နွေးနွေးထွေးထွေးနဲ့ မိသားစုလို ညီအစ်ကို မောင်နှမလို ကြိုဆိုတဲ့အတွက် ဝမ်းလည်းသာတယ်၊ ပျော်လည်းပျော်တယ်။ ကျန်ခဲ့တဲ့ လူငယ်လေးတွေကိုလည်း အလကားအကြောင်းမဲ့ အသေခံမယ့်အစား တပ်မတော်မှာ အလင်းဝင်ပြီးတော့ ကိုယ့်မိသားစုနဲ့ အေးအေးချမ်းချမ်း ပြန်နေထိုင်စေချင်ပါတယ်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော



ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို အခြေချလုပ်ကိုင်၍ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ၊ ရွှေကုက္ကိုလ်နှင့် ကျောက်ခက် ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀

KNU၊ KNLA၊ DKBA၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများနှင့် တရားမဝင်ဒုစရိုက်လုပ်ငန်းများကို လွတ်လပ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြဝတီ - သဃ်န်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးနှင့် သဃ်န်းညီနောင်မြို့တို့အား ထိန်းချုပ်နိုင်ရေး ကြိုးပမ်းခဲ့ရာ သဃ်န်းညီနောင်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများကို အင်အားအလုံးအရင်းဖြင့် ၂၀၂၄ ခုနှစ် မတ် ၇ ရက်မှ ဧပြီ ၅ ရက်အထိ ၂၈ ရက်ကြာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ခဲ့မှုကြောင့် မြို့တွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံတိုင်းရင်းသားများအနေဖြင့် မိမိတို့၏ အဆောက်အအုံ၊ ပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရကာ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီ ၅ ရက်မှ စတင်ပြီး မြဝတီ-သဃ်န်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးအား ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိက အချက်အချာကျသည့် ဘားအံ - ကျုံဒိုး- ကော့ကရိတ်- မြဝတီ အာရှလမ်းမကြီးနှင့် ကော့ကရိတ်မြို့အား ထိန်းချုပ်ဖြတ်တောက်ရန်အတွက် ကျုံဒိုး- ကော့ကရိတ် လမ်းကြောင်းအားလည်းကောင်း၊ ကော့ကရိတ်- မြဝတီ လမ်းကြောင်းအားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များဝင်ရောက်လာခြင်း မပြုလုပ်နိုင်ရေးအတွက် နှောင့်ယှက်ပိတ်ဆို့မှုများ ဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် ပုန်းအောင်းနေထိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သည့်အပြင် လမ်းကြောင်းတစ်လျှောက် သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအား အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အဆိုပါလမ်းကြောင်းများပေါ်ရှိ ညီညာသာလင်းတံတား၊ (၅) တိုင်တံတား၊ ကော့နွဲ့တံတားအပါအဝင် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းတံတားများ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း၊ အတားအဆီးများ ပြုလုပ်၍ လမ်းကြောင်း ပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာအခက်အခဲဖြစ်ပေါ်ခဲ့၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရသည့်အပြင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကြီးထွားလာစေခဲ့ပြီး နယ်မြေဒေသတည်ငြိမ်မှုအပေါ် များစွာ ထိခိုက်စေခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် လမ်းကြောင်းများအား ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲ အသုံးပြုနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ ကျုံဒိုး-ကော့ကရိတ်ကြားတွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို ရဲရဲဝံ့ဝံ့ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလသုံးလကျော်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ၉၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှအလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ကျုံဒိုး- ကော့ကရိတ် လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

အလားတူ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သဃ်န်းညီနောင်မြို့နှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအဆောက်အအုံများကို အကြမ်းဖက် သောင်းကျန်းသူများ၏ လက်သို့ကျရောက်မှု မရှိစေရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက် သောင်းကျန်းသူများသည် အထိအခိုက် အကျအဆုံးများပြီး ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မြဝတီ- သဃ်န်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးအား ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် မြဝတီ - သဃ်န်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးအား အပြည့်အဝ ပြန်လည် ထိန်းချုပ်ပြီးနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မြဝတီမြို့၏ အရှေ့တောင်ဘက် မီတာ ၄၈၀၀ ခန့် အကွာရှိ KK Park နယ်မြေအတွင်း အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အခကြေးငွေ ရယူပြီး ကာကွယ်ပေးထားသော တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်နေသည့် အဆောက်အအုံ ၆၃၅ လုံးနှင့်အတူ တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၁၀၈၈ ဦး၊ အမျိုးသမီး ၁၉၄ ဦး စုစုပေါင်း ၁၂၈၂ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါ တရားမဝင် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများသို့ ၎င်းတို့ ဝင်ရောက်လာခဲ့သည့် ထိုင်းနိုင်ငံမှတစ်ဆင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အဆိုပါဒေသတွင် ပြန်လည်အခြေချလုပ်ကိုင်မှု မရှိစေရေးနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံဆောင်ရွက်နိုင်မှု မရှိစေရေးအတွက် အပိုင်းသုံးပိုင်းခွဲကာ စနစ်တကျ ဖောက်ခွဲဖျက်ဆီး၍လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ကရင်ပြည်နယ် မြဝတီမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၅၀၀၀ ခန့် အကွာ ရွှေကုက္ကိုလ် နယ်မြေအတွင်း၌လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခကြေးငွေရယူပြီး ကာကွယ်ပေးထားသော တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၇၇ လုံးနှင့်အတူ တရားမဝင်ပြည်ပနိုင်ငံသား အမျိုးသား ၁၈၁၁ ဦး၊ အမျိုးသမီး ၂၆၄ ဦး စုစုပေါင်း ၂၀၇၅ ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် စာမျက်နှာ ၇ သို့ ÷



KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးခဲ့မှု။



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ ကျွန်း(၇)ပင် စခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကော့နွဲ့တံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ရင်ကွဲတောင်အနီးရှိ အာရှလမ်းမကြီး (ဝဲပုံ)နှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု (ယာပုံ)ကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျွန်း(၇)ပင်တံတားအား ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ FPV suicide drone များဖြင့် တိုက်ခိုက်မှုအား လုံခြုံရေးတပ်ဖွဲ့များက ဟန့်တားနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၀**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှေ့တိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ Drone များအသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည်။

**လူ၊ ယာဉ်နှင့် လေယာဉ်ပြေးလမ်းများ ထိခိုက်ပျက်စီးမှု မရှိ**

ယင်းအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ အများပြည်သူ အသုံးပြုလျက်ရှိသည့် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အနီးဝန်းကျင်နေရာများသို့ FPV Suicide Drone ခြောက်စင်းဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ရာ လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ပြီး အဆိုပါ Drone ယာဉ်များအား Drone ရန် ကာကွယ်ရေး အစီအမံများဖြင့် ဟန့်တားနိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် Drone များတွင် ပါရှိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား စနစ်တကျ သက်မဲ့ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ်အချို့ ခေတ္တရပ်ဆိုင်းခဲ့ရပြီး ဖြစ်စဉ်တွင် လူ၊ ယာဉ်နှင့် လေယာဉ်ပြေးလမ်းများ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော လေကြောင်းပို့ဆောင်ရေးဖြစ်သည့် လေယာဉ်ကွင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စက်ဆုပ်ရွံရှာစွာ ပိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။ ထို့ကြောင့် ယခုကဲ့သို့ အဖျက်အမှောင့် လုပ်ရပ်များအား ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့ကြသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

✣ စာမျက်နှာ ၆ မှ

အဆိုပါ ဖမ်းဆီးရမိခဲ့သူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထိုင်းနိုင်ငံမှတစ်ဆင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆောက်အအုံများကို စနစ်တကျဖောက်ခွဲဖျက်ဆီး၍ လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် KNU၊ KNLA၊ DKBA နှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြိုးကြိုပ်ကန့်သတ် ပစ္စည်းများနှင့် Drone များ မှတ်တမ်းဓာတ်ပုံ။



ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးခဲ့မှု။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူများ အခြေချနေထိုင်လုပ်ကိုင်မှု မရှိစေရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတာဝန်သိ ပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ကျောက်ခက်ဒေသ အတွင်း၌လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို ကာကွယ်ပေးထားသော အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းတစ်ခုဖြစ်သည့် ကျွန်းခုနစ်ပင် စခန်းအား ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာအား ၂၀၂၆ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက်မီတာ ၆၅၀၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းလုပ်ကိုင်သည့်နေရာအား ၂၀၂၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် လည်းကောင်း အသီးသီးသိမ်းပိုက်ရရှိခဲ့သည်။

ထိုသို့ သိမ်းပိုက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်း လုပ်ကိုင်နေသူများကို မြေနေရာပေး၍ အခကြေးငွေရယူကာ ကာကွယ်ပေးထားသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များနှင့် တိုက်ပွဲ ကြီး/ငယ် ၄၆ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၂၁ လောင်း၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်အိမ်မျိုးစုံ ၂၇ ခု၊ ကျည်မျိုးစုံ ၁၃၃၃ တောင့်၊ လက်လုပ် Dropဗုံး ၁၄ လုံး၊ မိုင်းမျိုးစုံ ၂၁၉ လုံး၊ ကျည်ကာအင်္ကျီ ကိုးစုံ၊ ကျည်ကာဦးထုပ် ၁၅ လုံး၊ ညကြည့်မှန်ပြောင်း တစ်ခု၊ ကင်းထောက် Drone တစ်စင်း၊ လမ်းလျှောက်စကားပြောစက် ခုနစ်လုံး၊ ပစ်ကျင်း ၄၄၁ ကျင်း၊ ဘန်ကာ ၅၃ လုံး၊ လူနေတဲ ၂၂၈ လုံး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံ ၁၅ လုံး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်သူ တရားမဝင်ပြည်ပနိုင်ငံသားများနှင့် ဆက်စပ်သူများ အပါအဝင် ၇၇၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် StarLink နှစ်လုံး၊ တယ်လီဖုန်းမျိုးစုံ ၄၅၂ လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းမျိုးစုံ ၁၇၅ စုံတို့အား သိမ်းဆည်းရရှိသည်။

အဆိုပါ ကျောက်ခက်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သူများအနက် တရားမဝင်ပြည်ပနိုင်ငံသား ၂၁၀ အား ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများရယူကာ မော်တော်ယာဉ်များဖြင့် တင်ဆောင်ပြီး ကျောက်ခက်-ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏အနောက်တောင်ဘက် မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် လေးကော့ကော်မှ ကျောက်ခက်ဒေသသို့သွားသည့် လမ်းကြောင်းပေါ်ရှိ သံပေါင်ဘေလီ အမျိုးအစားဖြစ်သည့် အရှည် ပေ ၈၀၊ အကျယ် ၁၃ ပေရှိ ကျွန်းခုနစ်ပင်တံတားအားလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားရှိသဖြင့် နယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

ယင်းအပြင် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံဒိုး-ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းကြောင်းပေါ်ရှိ ညီညာသာလင်းတံတား၊ (၅)တိုင်တံတားနှင့် ကော့နွဲ့တံတား အပါအဝင် လမ်း/တံတားများအား နယ်မြေခံ စစ်မြေပြင် အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ လမ်းကြောင်းတစ်လျှောက် ပိတ်ဆို့ထားသည့် အတားအဆီးများကိုလည်း ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေး စည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများကျူးလွန် ထွက်ပြေးတိမ်းရှောင် နေကြသူများဖြစ်ကြောင်း သိရှိသည်။

၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှုနောက်ပိုင်းမှ မြန်မာနိုင်ငံအရှေ့တောင်ဒေသ KNU ၊ KNLA၊ DKBA ၊ PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များ အခြေချ နေထိုင်လျက်ရှိသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှ တစ်ဆင့် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါအဖွဲ့များ ဝင်ရောက်လုပ်ကိုင်မှုအပေါ် KNU ၊ KNLA၊ DKBA၊ PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များအနေဖြင့် နိုင်ငံနှင့် ဒေသအပေါ်ကြီးမားစွာ ထိခိုက်နစ်နာမှုများကို လျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့ ပြုလုပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်မလာစေရေး ဆက်သွယ်ရေးလမ်းကြောင်းများကို သိမ်းပိုက်ထိန်းချုပ်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူ အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအားသိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အဆိုပါ နယ်မြေနှင့် ပတ်ဝန်းကျင်ဒေသများတွင် လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ်နိုင်ငံ၏ကျယ်ပြန့်သော ဈေးကွက် အခွင့်အလမ်းများကို ကမ္ဘာနှင့် မျှဝေရန် ဝန်ဆောင်မှု ကဏ္ဍကို ပိုမိုဖွင့်လှစ်ပေးသွားမည်

**ပေကျင်း စက်တင်ဘာ ၁၀**

တရုတ်နိုင်ငံသည် ဝန်ဆောင်မှုကုန်သွယ်ရေးအတွက် ၎င်း၏ ကျယ်ပြန့်သော ဈေးကွက်အခွင့်အလမ်းများကို ကမ္ဘာနှင့် မျှဝေရန် ရည်ရွယ်၍ ဝန်ဆောင်မှုကဏ္ဍကို ပိုမိုဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဈေးကွက်ဝင်ရောက်ခွင့်များကို လျှော့ချပေးကာ အရည်အသွေးမြင့် ဝန်ဆောင်မှု တင်သွင်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




ပေကျင်းမြို့တော်၌ ယမန်နေ့ကကျင်းပသော ၂၀၂၅ ခုနှစ် တရုတ်နိုင်ငံတကာ ဝန်ဆောင်မှု ကုန်သွယ်ရေးပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ် ဒင်းရွှေအေးရှန်းက တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော်ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်စာရင်းကို ပိုမိုပြုပြင်မွမ်းမံမည်ဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍတွင် ဈေးကွက်ဝင်ရောက်ခွင့်ကို ပိုမိုကျယ်ပြန့်စေကာ ပိုမိုကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်လည်းဖြစ်သူ ဒင်းက နိုင်ငံတော်အနေဖြင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှု ကုန်သွယ်ရေးကဲ့သို့သော စီးပွားရေးပုံစံသစ်များနှင့် စနစ်သစ်များ ဖွံ့ဖြိုးအောင် အရှိန်မြှင့်တင်ကာ အသိပညာအခြေပြု ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပြီး ထုတ်လုပ်မှု အထောက်အကူပြု ဝန်ဆောင်မှု၊ တင်ပို့မှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ချူအို ဟုခေါ်သော ခေါက်နိုင်သည့် အိုင်ဖုန်းအမျိုးအစားသစ်ကို အက်ပဲလ်ကုမ္ပဏီက အကြီးမားဆုံး ပြောင်းလဲမှုအဖြစ် ပြသ



**ဝါရှင်တန် စက်တင်ဘာ ၁၀**

အက်ပဲလ်ကုမ္ပဏီသည် ၎င်းတို့၏ အဓိကထုတ်ကုန်တွင် နှစ်ပေါင်းများစွာအတွင်း အကြီးမားဆုံး ပြောင်းလဲမှုအဖြစ် ချူအိုဟုခေါ်သော ခေါက်နိုင်သည့် အိုင်ဖုန်းအမျိုးအစားသစ်ကို ယမန်နေ့က မိတ်ဆက်ပြသကြောင်း သိရသည်။

ချူအိုဖုန်းသည် ထောင့်စွန်းများ ဝိုင်းစက်ထားပြီး နိုင်ငံကူးလက်မှတ် အရွယ်အစားနှင့် ပုံသဏ္ဌာန်ရှိသည်။ အဆိုပါဖုန်းကို ဖွင့်လိုက်ပါက ဘေးတိုက် ကျယ်ပြန့်သော မျက်နှာပြင်ဖြစ်လာပြီး ထောင်လိုက်လည်း ကြည့်ရှုနိုင်သည်။

ဖုန်းကို ခေါက်ထားချိန်တွင် ရှေ့ဘက်၌ ပိုမိုသေးငယ်သော မျက်နှာပြင်တစ်ခု ပါဝင်သည်။ ဖုန်းကို လှန်ဖွင့်ထားချိန်တွင် ယင်းသည် အက်ပဲလ်၏ အပါးလွှာဆုံး ဖုန်းဖြစ်သည်ဟု ဆိုသည်။

အမှုဆောင်အရာရှိချုပ်သစ် ဂျွန်တာနက်စ် ဦးဆောင်ကျင်းပသည့် ပထမဆုံးခေါက်ဖုန်း မိတ်ဆက်ပွဲတွင် အက်ပဲလ်၏ အဓိကထုတ်ကုန်ကို အကြီးစားပြင်ဆင်ပြောင်းလဲလိုက်ပြီဟု သိသာထင်ရှားစွာပြသနိုင်ခဲ့ကြောင်း သိရသည်။

**Mon**

## ဖူဂျီတောင် နွေရာသီ တောင်တက်ကာလ နောက်ဆုံးရက်က မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြူထူထပ်မှုတို့ ဖြစ်ပေါ်ခဲ့

**တိုကျို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ၊ ဖူဂျီတောင်၏ နွေရာသီ တောင်တက်ကာလ နောက်ဆုံးရက်ဖြစ်သော စက်တင်ဘာ ၁၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြူထူထပ်မှုတို့ ဖြစ်ပေါ်ခဲ့ပြီးနောက် တောင်ပေါ်ရှိ ကားရပ်နားစခန်းတစ်ခု၌ မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အဆိုပါ လူကြိုက်များသော တောင်တက်စခန်းတွင် ပြင်းထန်သော လေပြင်းများနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် တောင်ပေါ်တွင် လုပ်ကိုင်နေသူများ၏ မော်တော်ယာဉ်သုံးစီး အနည်းငယ်ပျက်စီးခဲ့သည်ဟု ဒေသဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။

အမြင့်မီတာ ၃၇၇၆ ရှိသော မီးတောင်၏ ပင်မဝင်ပေါက်လေးခုအနက် တစ်ခုတွင်ရှိသည့် ကားရပ်နားစခန်း၌ ဖြစ်ပွားသော အဆိုပါဖြစ်စဉ်၌ ထိခိုက်ဒဏ်ရာရရှိသူမရှိဟု ရှီဇူးအိုကာ ဒေသဆိုင်ရာအစိုးရ၏ လမ်းထိန်းသိမ်းရေးအရာရှိ ဟိဆာယုကိ မိုတိုဟာရှီက ပြောကြားကြောင်း သိရသည်။

**Mon**

## ဖိလစ်ပိုင်နိုင်ငံ၊ ပါလာဝမ်ပြည်နယ်၌ ကူးတို့သင်္ဘော မီးလောင် အနည်းဆုံး လူငါးဦး သေဆုံးပြီး ၈၆ ဦး ပျောက်ဆုံးနေဆဲဖြစ်



**မနီလာ စက်တင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ၊ ပါလာဝမ် ပြည်နယ်ရှိ ခရီးသွားဧည့်သည်များအကြား ရေပန်းစားရာ ဒေသအနီးတွင် ကူးတို့သင်္ဘောတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၈၆ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မီးလောင်မှုသည် ယမန်နေ့ ညနေပိုင်းက ကမ်းလွန် ၂ ဒသမ ၂ ကီလိုမီတာအကွာတွင် အမ်ဗီဂျွန်အက်စတာသင်္ဘောပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ ငါးဦး၏ ရုပ်အလောင်းများကို ကမ်းခြေသို့ သယ်ဆောင်လာခဲ့ပြီးဖြစ်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က အတည်ပြုသည်။

ကမ်းခြေစောင့်တပ်က ဖေ့စ်ဘုတ်ပေါ်တွင် မျှဝေထားသော ဗီဒီယို၌ သင်္ဘောတစ်စီးလုံး မီးဟုန်းဟုန်းတောက်လောင်နေသည်ကို မြင်တွေ့ရသည်။

ရာပေါင်းများစွာသော ဖိလစ်ပိုင်ပြည်သူများက အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထပ်မံရရှိရန် မျှော်လင့်စောင့်စားနေကြကြောင်း သိရသည်။

**Mon**

## အိမ်ရှင်နာဂိုယာမြို့၌ စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အာရှအားကစားပြိုင်ပွဲလာ အားကစားသမားများ နေရာရွှေ့ပြောင်း

**တိုကျို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံတွင် လက်ခံကျင်းပသည့် အာရှအားကစားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသော အားကစားသမား ရာပေါင်းများစွာသည် အိမ်ရှင်နာဂိုယာမြို့၌ စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ၎င်းတို့တည်းခိုရာနေရာများမှ ခဏတာရွှေ့ပြောင်းခဲ့ရပြီး ပြိုင်ပွဲများကိုမူ စက်တင်ဘာ ၁၀ ရက်တွင် စတင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နာဂိုယာမြို့၏ အချို့နေရာများတွင် ယမန်နေ့က တစ်နာရီအတွင်း မိုးရေချိန် ၁၀၄ မီလီမီတာ(လေးလက်မ)အထိ ရွာသွန်းခဲ့သဖြင့် မြို့နယ်အရာရှိများက မြို့၏ အစိတ်အပိုင်းအချို့အတွက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။

မိုးရေများ လျှံတက်နေသော လမ်းများအတွင်း မော်တော်ယာဉ်များ ရေတိုးမောင်းနှင်ခဲ့ရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ပြီး မြေအောက်ရထားဘူတာရုံများအတွင်းသို့လည်း ရေများစီးဝင်ခဲ့ကြောင်း သိရသည်။

**Mon**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ်လမှစ၍ ဝက်သက်ရောဂါကူးစက် သေဆုံးရသည့် ကလေးငယ်ပေါင်း ၁၀၀၀ ကျော်လွန်သွားပြီ

**ဒက္ကာ စက်တင်ဘာ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ်လမှစ၍ ဝက်သက်ရောဂါကြောင့် သေဆုံးရသည့် ကလေးငယ်ပေါင်း ၁၀၀၀ ကျော်လွန်သွားပြီဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ် အားနည်းချက်များက ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုဆိုးရွားစေခဲ့ခြင်းဖြစ်နိုင်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လူဦးရေ သန်း ၁၇၀ ရှိသော ထိုတောင်အာရှနိုင်ငံတွင် ကလေးငယ်များအကြား ကူးစက်ခံရသူ ၁၈၇၄၈၄ ဦးနှင့် သေဆုံးသူ ၁၀၀၂ ဦးရှိကြောင်း မှတ်တမ်းတင်ထားသဖြင့် ယခုနှစ် ရောဂါကူးစက်ပျံ့နှံ့မှုသည် ဆယ်စုနှစ်များစွာအတွင်း နိုင်ငံ၏သေဆုံးမှုအများဆုံး ရောဂါဖြစ်ပွားမှု ဖြစ်လာကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။



ထိုဝက်သက်ရောဂါသည် ချောင်းဆိုးခြင်းနှင့် နှာချေခြင်းတို့မှတစ်ဆင့် အလွန်ကူးစက်လွယ်သောရောဂါဖြစ်ပြီး ကူးစက်ခံရပါက သီးသန့်ကုသနိုင်သည့် ဆေးဝါးမရှိကြောင်း သိရသည်။

**Mon**

❈ စာမျက်နှာ ၂၄ မှ

ဓာတ်အားလိုင်းအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ တာဝါတိုင် ၁၁ တိုင် ပြိုလဲပျက်စီးခဲ့ရာ နိုင်ငံတော် ဓာတ်အားစနစ်သို့ ရွှေကျင်ရေအားလျှပ်စစ်စက်ရုံ၏ ထုတ်လုပ်မှု ၇၅ မဂ္ဂါဝပ်အား ပို့လွှတ်နိုင်ခြင်း မရှိတော့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ဒေသတွင်းမြို့များ၌ အချိန်ပိုင်း ဓာတ်အား ဖြတ်တောက်၍ ဓာတ်အားဖြန့်ဖြူးခဲ့ရပြီး အပြစ်မဲ့ပြည်သူများမှာ လူမှုစီးပွားရေးနှင့် နေ့စဉ်ဘဝများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

**တိုးမြှင့်ပို့လွှတ်နိုင်ခဲ့**

သို့ဖြစ်ရာ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အစောင့်အရှောက်ရယူ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဝန်ထမ်းအင်အား ၃၀၀ တို့က ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် စွန့်လွှတ်စွန့်စား စိတ်ဓာတ်များဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်အပြင် ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြုပြင်ပြောင်းလဲ ချိတ်ဆက်နိုင်ခဲ့မှုကြောင့် စုစုပေါင်း မဂ္ဂါဝပ် ၈၀ ခန့် တစ်ရက်လျှင် ယူနစ် ၃ ဒသမ ၂ သန်းကို နိုင်ငံတော်ဓာတ်အား






၂၃၀ ကေဗွီ ရွှေကျင် – သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။






၂၃၀ ကေဗွီ ရွှေကျင် – သာယာကုန်း ဓာတ်အားလိုင်း ဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးလျက်ရှိသည့် တာဝါတိုင် (ဝဲပုံ)နှင့် ဓာတ်အားလိုင်းပြုပြင်ပြီးစီးမှု (ယာပုံ) တို့ကို တွေ့ရစဉ်။

စနစ်အတွင်းသို့ တိုးမြှင့်ပို့လွှတ်နိုင်ခဲ့သည်။

အဆိုပါ ဓာတ်အားပမာဏသည် တစ်ရက်လျှင် လူဦးရေ ၃ ဒသမ ၅ သန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် ပမာဏဖြစ်ပြီး ရန်ကုန်မြို့တွင် တစ်ရက် ၈ နာရီခန့်ဝန်အား ထိန်းညှိ၍ အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် မလိုတော့ဘဲ စက်တင်ဘာ ၉ ရက်မှစတင်၍ ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်ချိန်မှအပ ၂၄ နာရီပတ်လုံး ဓာတ်အား ဖြန့်ဖြူးပေးနိုင်လျက်ရှိရာ ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ တိုးတက်မှုကို အထောက်အပံ့များစွာ ဖြစ်စေခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ဓာတ်အားလိုင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စောင့်ရှောက်ဖြည့်ဆည်းပေးမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အင်တိုက်အားတိုက် ပြန်လည်ပြုပြင်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး ပြုပြင်ပြီးစီးလာသည်နှင့်အမျှ ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိ သုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းကြီးများအပါအဝင် ဓာတ်အားစနစ်တစ်ခုလုံး လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် မိဘပြည်သူများအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့် တစ်ပြေးညီထောက်ပံ့လျက်ရှိရာ စက်တင်ဘာ ၉ရက် Grand Mandalay ဆေးရုံတွင် လိပ်ခေါင်းရောဂါဖြစ်၍ တက်ရောက်ခွဲစိတ်ကုသမှုခံယူနေသော သချင်္ချာဌာနမှ ကန်တော့ခံဆရာကြီး ပါမောက္ခ(ငြိမ်း) ဦးကျော်ညွန့်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှုကန်တော့ငွေကျပ် ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေးအခြေအနေ မေးမြန်း၍ အားပေးစကားများ ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၉ရက်အထိ နာမကျန်းသော ကန်တော့ခံဆရာ၊ ဆရာမကြီး ၄၁၄ ဦးအား ငွေကျပ် ၉၄၅ သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)

## သဘာဝအရသာစစ်စစ်၊ ဆိုးဆေးကင်းသော မြန်မာ့လက်ဖက်ရည်နှင့် ကိုယ်ပိုင်အရသာဖြင့် ထုတ်လုပ်ရောင်းချမည့် Tea City ဆိုင် ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးမြို့ ၃၈ လမ်း၊ ၈၅ လမ်းနှင့်၈၆လမ်းကြားတွင် Tea City လက်ဖက်ရည်နှင့် စားဖွယ်ဆိုင် ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

Tea City အနေဖြင့် စားသုံးသူများအတွက် မြန်မာ့လက်ဖက်ရည်ကို သဘာဝအရသာစစ်စစ်ဖြင့် ဆိုးဆေးကင်းစင်အောင် ထုတ်လုပ်ရောင်းချပေးသွားမည်ဖြစ်ပြီး ဆိုင်တွင် ရောင်းချမည့် အစားအစာများကိုလည်း အခြားနာမည်ကြီးစားသောက်ကုန်များ၏ အရသာကို လက်ဆင့်ကမ်းရောင်းချခြင်းမျိုးမဟုတ်ဘဲ ကိုယ်ပိုင်အရသာဖြင့် ဖန်တီးရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါဆိုင်တွင် စားသုံးသူများ အဆင်ပြေစေရေးကို အဓိကထား၍ အစားအသောက်အမျိုးအစားပေါင်း ၁၀၀ ကျော် ရောင်းချပေးသွားမည်ဖြစ်ပြီး စားသုံးသူများ၏ လိုအပ်ချက်နှင့် အကြံပြုချက်များကိုလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ဆိုင်တွင် ရောင်းချပေးလျက်ရှိသည့် အစားအစာများကို အစားအသောက်ပြိုင်ပွဲများကျင်းပပါက ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး စားသုံးသူများ၏ အရသာနှင့် လိုအပ်ချက်များ ကိုက်ညီသည့် အစားအစာများကို ဆက်လက်ဖန်တီးပေးသွားမည်ဖြစ်သည်။ **(အပေါ်ယာပုံ)**

Tea City လက်ဖက်ရည်နှင့် စားဖွယ်ဆိုင်သည် စားသုံးသူများအတွက် သဘာဝအရသာစစ်စစ်နှင့် အရည်အသွေးကောင်းမွန်သော လက်ဖက်ရည်နှင့်စားဖွယ်များ ရရှိနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**




## စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ဆည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ရွှေစေတီဘုန်းကြီးကျောင်း အတွင်း၊ အပြင် နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ကျောက်ဆည်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးမိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်အရာထမ်း ၁၇ ဦး၊ အမှုထမ်း ၃၄ ဦး စုပေါင်း၍ ရွှေစေတီဘုန်းကြီးကျောင်း၏ အတွင်း၊ အပြင် နေရာများ၌ ပေါက်ရောက်နေသည့် နွယ်မြက်သစ်ပင်များ၊ အမှိုက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၈၅)

ဥရောပချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့် အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဖီနာဘာချီ | ၁ - ၁ | ရီးမား |
| ပီအက်စ်ဗွီ | ၁ - ၁ | ရှက်တာဒိုးနက်စ် |

# ထိုင်းနိုင်ငံ၌ မူးယစ်ပြစ်မှုကျူးလွန်ပြီး တာချီလိတ်မြို့၌ တိမ်းရှောင်နေသူ အဓိကအလိုရှိတရားခံပြေး သုံးဦးကို ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံ၌ မူးယစ်ပြစ်မှုကျူးလွန်ပြီး မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့၌ ထွက်ပြေးတိမ်းရှောင်နေသူ သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ နှစ်ဖက်နိုင်ငံမှ မူးယစ်ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသော အလိုရှိတရားခံပြေးများ ဖမ်းဆီးရမိရေး အပြန်အလှန်သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိနေအိမ်၌ ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး Mr. Boy Lueansiri ၊ Ms. Kulapom Makvemal နှင့် ဇူလိုင် ၁၇ ရက်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက်ရှိ နေအိမ်၌ ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး Mrs. Chonlanat(ခ) Budsanee Insuwan တို့ကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါမူးယစ်ပြစ်မှုဖြင့် အဓိကအလိုရှိတရားခံပြေး သုံးဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေ (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၇(၂)အရ ပြည်နှင်ဒဏ်အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေးသုံးဦးအား စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁) ချစ်ကြည်ရေးတံတား၌ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင် ဦးဆောင်သောအဖွဲ့က ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် Pol. Maj. Suriya Singhakamol ဦးဆောင်သည့် အဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့ပြင် တာချီလိတ်မြို့နယ်၌ အထောက်အထားမဲ့ ဝင်ရောက်နေထိုင်နေသဖြင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး Mr.Charong Montimı Mr. Veerarit Lekkul (ခ)Num နှင့် Mr. Arnon Janta (ခ) Oakı ပြန်ပေးမှုဖြင့် အလိုရှိတရားခံပြေး Mr. Veerarit Lekkul (ခ) Numı အထောက်အထားမဲ့ နေထိုင်သူ Mr. Piyapat Kongkuea နှင့် Ms. Nuchanat Suwannakon တို့ ခြောက်ဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေ(လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၇(၂)အရ ပြည်နှင်ဒဏ်အမိန့်ချမှတ်ခဲ့သဖြင့် တာချီလိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တာချီလိတ်မြို့နယ် လဝကမှူး ဦးစိုင်းဝင်းလတ်ထွန်းက ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးမှူး Pol. lt. Col. Oattarapong Chucheun ထံသို့ ဆက်လက်လွှဲပြောင်းပေးခဲ့သည်။

နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော် မူးယစ်မှုခင်းများထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတကာမှ မူးယစ်ဆေးဝါးပြစ်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများကျူးလွန်ပြီး နယ်စပ်ဒေသများ၌ ထွက်ပြေးတိမ်းရှောင်ကာ မှုခင်းများထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေသည့်အပြင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၀**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၄လမ်း၊ ၆၂လမ်းနှင့် ၆၂(A) လမ်းကြားနေ ဒေါ်နုနုရီ မိသားစုက ဆေးပဒေသာပင်အလှူငွေ ကျပ်သိန်း ၂၀၊ မျက်စိကုသမှု လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ၁၀ သိန်း၊ ညနေခင်း ဆေးခန်းအသုံးပြုရန် အလှူငွေကျပ်သိန်း ၂၀၊ စုစုပေါင်း အလှူငွေကျပ်သိန်း ၅၀ ကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂ လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၁)**

# စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၀**

ကချင်ပြည်နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန(Community Centre) ဘက်စုံသုံးခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက ပြိုင်ပွဲများ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရာတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ကျပန်းပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၀ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၃၀ ဦးနှင့် အလယ်တန်းအဆင့် ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၁၀**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၆လမ်း၊ ၉၁လမ်းနှင့် ၉၂လမ်းကြားရှိ SUPER ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။



ရှေးဦးစွာ SUPER ကိုယ်ပိုင် အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးသမိုင်းကြောင်းကို အသင်း(ဗဟို) အမှုဆောင် ဒေါ်သင်းသင်းဦးကလည်းကောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို အသင်း(ဗဟို) အတွင်းရေးမှူး ဦးမြင့်သန်းကလည်းကောင်း၊ လူငယ်နှင့် စိတ်ကြွဆေးအကြောင်းကို အသင်းဗဟို တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးကလည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများကို အသင်း(ဗဟို)အမှုဆောင် ဒေါ်ခင်မေပိုင်က မေးမြန်းခဲ့ပြီး မှန်ကန်စွာ ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရေးသန္နိဋ္ဌာန်ကို ရွတ်ဆိုကြသည်။ **(ဝဲပုံ)**

အသိပညာပေးဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ အသင်း(ဗဟို)အလုပ်အမှုဆောင် ဦးကျော်မင်းသော်နှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၇၀)**

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**မြို့သစ် စက်တင်ဘာ ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် အိမ်တွင်းအသေးစား တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၇ ရက်က အိုင်တို(တ) ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းနှင့် မြို့သစ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်တို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမက သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာများနှင့် သင်တန်းသူများ လိုက်နာရန် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဆပ်ပြာဆီ၊ ဆပ်ပြာခဲအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းများကို ကျွမ်းကျင်နည်းပြဆရာမများက စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး အိုင်တို(တ)ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက် သင်ယူလျက်ရှိကြောင်း မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိမိုးမိုး**






## ရာအူးလ်၏ ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကို ဘာပေ လိုက်မီ

**မက်ဒရစ် စက်တင်ဘာ ၁၀**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘာပေ(သွင်းဂိုး ၇၁ ဂိုး)သည် အသင်းဂန္တဝင်ကစားသမားဟောင်း ရာအူးလ်၏ ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက အင်တာမီလန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့ပြီးနောက် ရာအူးလ်၏ စံချိန်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး ဘာပေသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲပေါင်း ၉၉ ပွဲ ကစားကာ ၇၁ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော် အခုလို ရာအူးလ်ရဲ့ စံချိန်ကို လိုက်မီခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း သွင်းဂိုးတွေ ဆက်လက်သွင်းယူပြီး အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကြီး သိမ်းပိုက်သွားမှာပါ" ဟုပြောသည်။ **(ဝဲပုံ)(NGB)**

## မက်တိုမီနေး နှလုံးခွဲစိတ်မှုအောင်မြင် နှစ်ပတ်ခန့်အနားယူရမည်

**တူရင် စက်တင်ဘာ ၁၀**

နာပိုလီအသင်း ကွင်းလယ်ကစားသမားမက်တိုမီနေးသည် အသေးစားနှလုံးခွဲစိတ်မှု အောင်မြင်ခဲ့ပြီး နှစ်ပတ်ခန့် အနားယူရဦးမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နှလုံးခုန်နှုန်းမမှန်သည့် ဝေဒနာကြောင့် မန်ချက်စတာမြို့ Spire ဆေးရုံတွင် ခွဲစိတ်ကုသမှု ခံယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မက်တိုမီနေး နှစ်ပတ်ခန့်အထိ အနားယူရမည်ဖြစ်သောကြောင့် နာပိုလီအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ မက်တိုမီနေးသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ ပွဲကစားကာ ၂၇ ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(ယာပုံ)(NGB)**



## လီဗာပူးအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၁၀**

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေး လိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လီဗာပူးအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၄၀ တွင် ဆိုဘိုဆလိုင်း၊ ပွဲချိန် ၅၀ မိနစ်တွင် မက်အယ်လစ်စတာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအမှတ်ပေးလိဂ်အဆင့်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၄ ရက်တွင် လင့်ဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

## ဂျော်ဒန်အာယူးကို ရှက်ဖီးလ်ယူနိုက်တက်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၁၀**

ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် လက်စတာစီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော တိုက်စစ်မှူး ဂျော်ဒန်အာယူးကို ရာသီကုန်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။



အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရှက်ဖီးလ်ယူနိုက်တက်အသင်းတွင် ကျောနံပါတ်(၁၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂျော်ဒန်အာယူးသည် ကစားသမားဘဝတစ်လျှောက်တွင် မာဆေးလ်၊ လိုရီယန့်၊ အက်စတွန်ဗီလာ၊ ဆွမ်ဆီး၊ ပဲလေ့စ်၊ လက်စတာစီးတီး စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂျော်ဒန်အာယူး အနေဖြင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့်အတူ ရလဒ်ကောင်းများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## ချန်ပီယံလိဂ်ပွဲစဉ်ကို ကိုင်တွယ်ခွင့်ရသည့် ပထမဆုံး အာဖရိကနည်းပြအဖြစ် ယာယာတိုရေး မှတ်တမ်းဝင်



**အဘီဂျန် စက်တင်ဘာ ၁၀**

ဆလိုဗန်အသင်းနည်းပြ ယာယာတိုရေးသည် ချန်ပီယံလိဂ်ပွဲစဉ်ကို ကိုင်တွယ်ခွင့်ရသည့် ပထမဆုံး အာဖရိကနည်းပြအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါနည်းပြသည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ဆလိုဗန်အသင်းက ပီအက်စ်ဂျီအသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အိုင်ဗရီကို့စ်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမားဟောင်း ယာယာတိုရေးသည် ဆလိုဗန်အသင်း နည်းပြအဖြစ် ပြီးခဲ့သည့် ဇွန်လကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲ ၁၃ ပွဲတွင် ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၃)နှစ်အရွယ်ရှိ ယာယာတိုရေးက "အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ အသင်းရှုံးနိမ့်ခဲ့တဲ့အတွက်တော့ စိတ်မကောင်းဖြစ်မိပါတယ်။ နောက်လာမယ့် ပွဲစဉ်တွေကိုအနိုင်ရရှိအောင် ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**

## ဆန်ဒါဘာ့ဂ်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၀**

ချဲလ်ဆီးအသင်းသည် ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ဆန်ဒါဘာ့ဂ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၈ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းကလည်း ဆန်ဒါဘာ့ဂ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါကမည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

ထို့ကြောင့် ချဲလ်ဆီးအသင်း အနေဖြင့် ဖူလ်ဟမ်အသင်းမှ ဆန်ဒါဘာ့ဂ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## 2026 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jessica Pegula တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၁၀**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင်အမေရိကန်တင်းနစ်မယ် Jessica Pegula တက်ရောက်ခဲ့သည်။



အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2026 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Emma Navarro ကို ၃-၆၊ ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Jessica Pegula နှင့် ဘီလာရုစ်တင်းနစ်မယ် Aryna Sabalenka တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | ဝက်စ်ဟမ်း - ဝက်ရဟမ်း | —— |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ နံနက် ၀၁:၀၀ နာရီ | ယူနီယံဘာလင် - ကျော်လ်ငကး | ယူနီယံဘာလင် ၀-၀ ကျော်လ်ငကး<br>ကျော်လ်ငကး ၁-၃ ယူနီယံဘာလင် (၂၀၂၂-၂၃) |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ပင်နိဇီယာ - ဖီအိုရင်တီးနား | ပင်နိဇီယာ ၂-၁ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၀-၀ ပင်နိဇီယာ (၂၀၂၄-၂၅) |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ရင်းနက်စ် - မာဆေးလ် | ရင်းနက်စ် ၁-၀ မာဆေးလ်<br>မာဆေးလ် ၃-၁ ရင်းနက်စ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | ဆီဗီလာ - ဗလင်စီယာ | ဆီဗီလာ ၀-၂ ဗလင်စီယာ<br>ဗလင်စီယာ ၁-၁ ဆီဗီလာ |

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီးအခြေခံပညာ U-14 (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၀**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီးအခြေခံပညာ U-14(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက် ညနေပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်း၊ ညွှန်ကြားရေးမှူး(ပညာ) ဒေါက်တာကျော်လွင်၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် ခရိုင်ကော်မတီဝင်များ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် နေထူးနိုင်၊ ဗညားဟန်၊ ဖိုးသောကြာ၊ အဆိုတော် ရွှေစင်ရုပ်လွှာ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၁၅၀၀ ဦးခန့် တက်ရောက်ကြသည်။




ရွှေဦးစွာ အမရပူရခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြရာ အမရပူရခရိုင်အသင်းအား မိတ္ထီလာခရိုင်အသင်းက သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၎င်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများမှ အသန့်ရှင်းဆုံးဆုရအသင်းအား ဆုတံဆိပ်နှင့်ငွေသားဆု ငွေကျပ်ဆယ်သိန်းကိုလည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆုရရှိသူအား ဆုတံဆိပ်နှင့်ငွေသားဆုငွေကျပ် ဆယ်သိန်းကိုလည်းကောင်း၊ တာဝန်ရှိသူများက ဂိုးသွင်းအများဆုံးကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့်ငွေသားဆု ငွေကျပ်ဆယ်သိန်းကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့်ငွေသားဆု ငွေကျပ်ဆယ်သိန်းကိုလည်းကောင်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်က တတိယဆုရ မဟာအောင်မြေခရိုင်အသင်းအား ဆုတံဆိပ်နှင့်ငွေသားဆု ငွေကျပ်နှစ်ဆယ့်ငါးသိန်းကိုလည်းကောင်း၊ ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် နေထူးနိုင်က ဒုတိယဆုရ မိတ္ထီလာခရိုင်အသင်းအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်းငါးဆယ်ကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က ပထမဆုရ မိတ္ထီလာခရိုင်အသင်းအား ပထမတံခွန်စိုက်ဖလားနှင့် ငွေသားဆု ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်းအသီးသီး ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၉၃)**

# အခြေခံပညာကျောင်းများ၏ ကိုယ်ကာယလေ့ကျင့်ခန်းနှင့် Fitness Dance ပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသည့် အခြေခံပညာအထက်တန်းကျောင်း၊ တွဲဖက်အထက်တန်းကျောင်းခွဲနှင့် အလယ်တန်းကျောင်းများ၏ ကိုယ်ကာယလေ့ကျင့်ခန်းနှင့် Fitness Dance ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်း၊ တွဲဖက်အထက်တန်းကျောင်းခွဲနှင့် အလယ်တန်းကျောင်း စုစုပေါင်း ၁၉ ကျောင်းမှ ပြိုင်ပွဲဝင်အသင်း ၁၉ သင်း၊ ကျောင်းသား၊ ကျောင်းသူ အားကစားသမား ၃၈၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ပြိုင်ပွဲဝင်အသင်းများက အလှည့်ကျ ယှဉ်ပြိုင်ခဲ့ကြပြီး ဒိုင်အဖွဲ့ဝင်များက သတ်မှတ်စည်းမျဉ်းများနှင့်အညီ အမှတ်ပေးအကဲဖြတ်ခဲ့ကြသည်။ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့် ကျောင်းအုပ်ကြီးများကလည်း ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**



# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း (၁/၂၀၂၆)လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ချောက် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း(၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌရုံးခန်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရွှေဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက သဘာဝဘေးနှင့်ပတ်သက်သည့်အကြောင်းအရာများနှင့် သင်ကြားပို့ချမည်ဘာသာရပ်နှင့် အချိန်စာရင်းများ၊ သင်တန်းတက်ရောက်မည့်သူများ၏အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း(၁/၂၀၂၆)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကြီးကြပ်မှုဖြင့် ကော်မတီဝင်သက်ဆိုင်ရာတာဝန်ရှိဌာနဆိုင်ရာများမှ နည်းပြဆရာလေးဦးတို့က စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်တန်းသား (၃၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲ ကျင်းပ

**အမရပူရ စက်တင်ဘာ ၁၀**

မန္တလေး၊ အမရပူရမြို့နယ်တွင် မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အရန်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တပတ် လေးပတ် စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၅၀ ဦးတက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **လဲ့လဲ့ခိုင်(အမရပူရ)**



# ဝါစိုက်တောင်သူများကို သွင်းအားစုမြေဩဇာ ထောက်ပံ့ပေးအပ်

**ပခုက္ကူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချည်မျှင်ရှည်ဝါ သီးနှံဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ပခုက္ကူမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများအား သွင်းအားစု မြေဩဇာထောက်ပံ့ ပေးအပ်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရွှေဦးစွာ ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်က တောင်သူများ၏ ချည်မျှင်ရှည်ဝါများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့် အရည်အသွေးကောင်းမွန်စေရေး ရည်ရွယ်၍ သွင်းအားစုမြေဩဇာများ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၉၂ ဦး၏ ချည်မျှင်ရှည်ဝါစိုက်ဧရိယာ ၄၅၁ ဧကအတွက် ကွန်ပေါင်းမြေဩဇာ ၅၆ အိတ်အား တာဝန်ရှိသူများ က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၃၄၀)**



## မြို့နယ်သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့် အစည်းအဝေးကျင်းပ

**မတ္တရာ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် မြို့နယ်သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် မျက်နှာစုံညီ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက မတ္တရာမြို့ အောင်မြေသုခပရိယတ္တိစာသင်တိုက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောက်တံတားကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အောင်ကံသာကျောင်း ဆရာတော်ဘဒ္ဒန္တသောဘနနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြို့ဒင်ကျောင်း ဆရာတော်တို့က ဘာသာရေးနှင့် သာသနာရေးဆိုင်ရာ ဩဝါဒစကားများမိန့်ကြားခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်က ဝမ်းမြောက်စကားလျှောက်ထားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့သည်။ ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘာသာရေးနှင့်သာသနာရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ကပ်လှူခဲ့ကြသည်။ ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ အုပ်စု ၈၈ အုပ်စုမှ မြို့နယ်သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့်မှ ဥက္ကဋ္ဌဆရာတော်များနှင့် အတွင်းရေးမှူးဆရာတော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၆၂)**

## ဆင်နှစ်ကောင်ဘုန်းတော်ကြီးကျောင်း၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**စစ်ကိုင်း စက်တင်ဘာ ၁၀**

စစ်ကိုင်းမြို့တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို မြို့နယ်ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ပန်းဘဲတန်းရပ်ကွက်ရှိ ဆင်နှစ်ကောင်ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဥပဒေအရာရှိ ဦးဓေယျာသိန်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်သူက ဥပဒေဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ ပန်းဘဲတန်းရပ်ကွက်ရှိ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများက ဥပဒေဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ယူခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မိတ္ထီလာ)မှ ဒုတိယရဲမှူးအောင်ကျော်ဇင်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက 'လူကုန်ကူးမှု တိုက်ဖျက်ဖို့ တွဲလက်ညီညာခိုင်မြဲစို့၊ လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး၊ လူကုန်ကူးမှုအန္တရာယ်ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ်' စသည့်ခေါင်းစဉ်များအနက် မဲနှိုက်၍ ကျရာခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၆၉)**

## မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၀**

၂၀၂၆-၂၀၂၇ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက တောင်ကြီးမြို့ ပန်းသခွား အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တောင်ကြီးမြို့နယ်ပညာရေးမှူး ဦးဇော်လှိုင်ထွန်း၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက နိုင်ငံတော်အလံကို အလေးပြုကြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တောင်ကြီးမြို့နယ်ပညာရေးမှူး ဦးဇော်လှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုကြပြီး ပန်းသခွား၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အာရှမြန်မာသီချင်းဖြင့် Fitness danceဖြင့်လည်းကောင်း၊ ပန်းသခွားအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အေရိုးဗစ် ၄၆ ကွက်ဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲကိုကျင်းပရာ တောင်ကြီးမြို့နယ်ပညာရေးမှူး ဦးဇော်လှိုင်ထွန်းက ပြိုင်ပွဲအားဖွင့်လှစ်ပေးပြီး ပညာရေးမိသားစု ၁၀ အသင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကုန်းညွန့်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို တောင်ကြီးမြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တောင်ကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အသင်း၂၈ သင်း ပါဝင်ပြီး အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ Ever Ready Company မှ တင်ဒါအောင်မြင် တာဝန်ယူဆောင်ရွက်လျက်ရှိသော ပိန္နဲကုန်း(မ)-ရွှေမြင်သာ-ညောင်နီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဓေယျာဝင်းက ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက အကျိုးပြုကျေးရွာ သုံးရွာ၊ အိမ်ခြေ ၇၁၅ အိမ်၊ လူဦးရေ ၂၅၆၈ ဦး၏ ပညာရေး၊ ကျန်းမာရေးနှင့်ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**



### ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# ဇီးပင်ကြီး နှစ်ခါရောက်တော့ ဝမ်းမြောက်လို့ ခါးထောက်မိသည်

ကြာတော့လည်း ကြာခဲ့ပြီပေါ့။ မန္တလေးနဲ့ ပြင်ဦးလွင်မြို့ကြား (၂၁)မိုင်ရဲ့ အထက်နားက ဇီးပင်ကြီးဆိုတဲ့ရွာကို ရောက်သွားခဲ့တယ်။

ထုံးဝယ်ချင်လို့ သွားခဲ့တာပါ။ ဒေါ်သန်းသန်းဆိုတဲ့ အဒေါ်ကြီးရဲ့အိမ်မှာ တစ်ညအိပ်ခဲ့ရတယ်။ ဒေါ်သန်းသန်းဆီကပဲ ထုံးဝယ်ခဲ့ပါတယ်။ ဒါက ဇီးပင်ကြီးဆိုတဲ့ ရွာကို ပထမတစ်ခေါက် ရောက်ခဲ့တာပေါ့။

ဇီးပင်ကြီး ထုံးဟာ မြန်မာတစ်နိုင်ငံလုံးမှာ အကောင်းဆုံးထုံးလို့ ဆိုကြတာပဲ။ တစ်ရွာလုံးကလည်း ထုံးနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုနေကြတယ်လို့ ဆိုရမှာပဲ။ သမ္မာအာဇီဝနဲ့ အသက်မွေးနေကြတယ်လို့ ဆိုရမှာပေါ့။

လွန်ခဲ့တဲ့ နှစ်ကပေါ့ ဇီးပင်ကြီးရွာကို ဒုတိယအခေါက် ရောက်သွားတယ်။ ဆရာတော် ဘဒ္ဒန္တဉာဏသီရိရဲ့ ပညာဓောတာရုံကျောင်းကို ရောက်သွားတာပါ။ ကျောင်းတွင်းဝင်လိုက်တာနဲ့ မိုးကုတ်ဆရာတော်ကြီးရဲ့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးက ကြိုနေတာပါ။ ဒီစက်ဝိုင်းကြီးကို မြင်လိုက်တာနဲ့ ဒီကျောင်းဆရာတော် ဘဒ္ဒန္တဉာဏသီရိရဲ့ သာသနာ့တာဝန်ထမ်းဆောင်နေမှုကို ခန့်မှန်းလို့ ရနိုင်ပါတယ်။ ဘုရားသားတော်ဆိုတာ ဓုရနှစ်ဖြာ ထမ်းဆောင်ရမှာပဲ မဟုတ်လား။

ဆရာတော် ဘဒ္ဒန္တဉာဏသီရိရဲ့ ပညာဓောတာရုံကျောင်းထဲက ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကိုကြည့်ပြီး ဟိုလိုလို ဒီလိုလို အတွေးတွေ ဝင်လာခဲ့ပါတယ်။ ထင်ထင်ရှားရှားတော့ မဟုတ်ပါဘူး။ ဝေတေတေ ဝါးတားတားတွေပါပဲ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဝိုင်းဝိုင်းကြီးပဲ။ အစလည်း မတွေ့ဘူး။ အဆုံးလည်း မမြင်ဘူး။ အနမတဂ္ဂ သံသရာဆိုတာမျိုးလား မသိဘူး။

ပဋိစ္စသမုပ္ပါဒ်ရဲ့အစမှာ တွေ့လိုက်ရတာကတော့ 'အ-ဝိဇ္ဇာ ပစ္စရာသင်္ခါရာ' တဲ့ စဉ်းစားလိုက်ကြစမ်းပါ။ ဘာကို ပြောတာလဲ။ ဆရာတော် ဘဒ္ဒန္တဉာဏသီရိကိုပဲ မေးကြည့်ရမှာလား။ ဟိုတွေးဒီတွေး တွေးနေတုန်းမှာပဲ။ 'မသိလို့' ဆိုတဲ့ အတွေးတစ်ခုက ဝင်လာတယ်။

'အ-ဝိဇ္ဇာ ပစ္စရာ သင်္ခါရာ' ဆိုတာ လူတွေဟာ 'မသိလို့' ကုသိုလ်၊ အကုသိုလ်နှစ်ဖြာ လုပ်နေကြတယ်တဲ့။ ယောကြည့်လိုက်ကြစမ်း။ 'မသိလို့'တဲ့ လူတွေဟာ ကုသိုလ်တစ်မျိုး၊ အကုသိုလ်တစ်မျိုး လုပ်နေကြတယ်လို့ ဆိုတယ်လေ။ 'မသိလို့' အကုသိုလ်လုပ်နေတယ်ဆိုတာကိုတော့ မှုန်တုံတုံ ဝါးတားတား နားလည်ပါတယ်။ ဥပမာ-သူများဥစ္စာခိုးရင် ကိုယ့်ဥစ္စာကို အခိုးခံရမှာပဲ။ အဲ့ဒါကို 'မသိလို့' အကုသိုလ်ဖြစ်တဲ့သူများဥစ္စာကို ခိုးယူနေကြတာပေါ့။ နောက်တစ်ခု ပြောချင်သေးတယ်။ သူများအသက်ကို သတ်ရင် အကုသိုလ်ဖြစ်တဲ့ ကိုယ့်အသက်လည်း အသတ်ခံရမှာပဲ။ ဒါက 'မသိလို့' လူတွေဟာ အကုသိုလ်လုပ်နေကြတာလို့ မှုန်တုံတုံ ဝါးတားတား ထင်မိတာပါပဲ။

ကဲ-ရှေ့ဆက်ကြည့်ရအောင် 'အ-ဝိဇ္ဇာ ပစ္စရာ သင်္ခါရာ' လူတွေဟာ 'မသိလို့' ကုသိုလ်လုပ်နေကြတယ်တဲ့။ ဒီစကားကိုတော့ လွယ်လွယ်နဲ့ လက်ခံကြမယ်မထင်ဘူး။ ကုသိုလ်လုပ်တာ မှားသလားလို့ မေးကြ၊ ပြောကြမှာပဲ။ ငြင်းကြ၊ ခုန်ကြမှာပဲ။ ဒါကြောင့် အတွေးခက်မိလို့ အရေးခက်သွားတယ်။ ဟိုစဉ်းစား၊ ဒီစဉ်းစား စဉ်းစားရင်းက ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးရဲ့ လင်္ကာ တစ်ပိုင်းတစ်စကို ရေရွတ်မိသွားတယ်။

လယ်တီဆရာတော်ကြီးရဲ့ လင်္ကာတစ်ပိုင်းတစ်စက-

'ဘဝနောင်ခါ၊ သံသရာဝယ်
လူ့ရွာ၊ နတ်ငြိမ်း၊ စည်းစိမ်သွမ်းကို
ချမ်းသာအတိ၊ အထင်ငြိလျက်
ကတိနောင်ကို၊ ကောင်းစေလို၍
ကုသိုလ်အရိုး၊ အမျိုးမျိုးကို
ကြိုးကြိုးစားစား၊ ပြုတုံငြားက
ဆယ်ပါးပုညာ၊ အာနေဠဟု
ဘဝနီးရင်း၊ ပွါးတုံလျင်းသည်
ဝဋ်ခင်းဝဋ်နယ်၊ ရှည်သတည်း'တဲ့။

ကြည့်လိုက်ကြစမ်းပါ။ 'လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်း'တဲ့ ကုသိုလ်ပြုပြီး လူချမ်းသာဖြစ်ချင်တယ်။ နတ်ချမ်းသာ ဖြစ်ချင်တယ်။ ဗြဟ္မာချမ်းသာ ဖြစ်ချင်တယ်လို့ ဆုတွေတောင်းနေရင်တော့ 'မ,သိလို့'ဘဲ။ အဲ့ဒီ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေ ဖြစ်ချင်နေတာတွေဟာ ဘဝအရင်းအနှီးတွေ လုပ်နေကြတာပဲ။ အဲ့ဒီလို ဘဝအရင်းအနှီးတွေ လုပ်နေကြရင်တော့ သံသရာဝဋ်က ဘယ်တော့မှ လွတ်ကြမှာ မဟုတ်ဘူး။ သံသရာဝဋ်က ရှိနေကြဦးမှာပါပဲ။

'မသိလို့'ကုသိုလ်လုပ်နေကြတာဆိုတဲ့ စကားရဲ့အနှစ်သာရက ဘာလဲဆိုတာ သိဖို့လိုတယ်။ ကုသိုလ်လုပ်တာကို အပြစ်ပြောတာ မဟုတ်ဘူး။ ကုသိုလ်လုပ်ပြီး ဘဝအရင်းအနှီးတွေ လုပ်နေကြတာတွေကို ပြောတာပါ။ ကုသိုလ်လုပ်တိုင်း ဘဝအရင်းအနှီးတွေက လွတ်အောင်ဆုတောင်းရမယ်။ ဒါ့ကြောင့် ကုသိုလ်လုပ်ပြီး ဆုတောင်းမှားနေကြတာတွေကို ရည်ရွယ်ပြီး 'မသိလို့' ကုသိုလ်လုပ်နေကြတယ်လို့ ပြောတာပါ။

ဒါ့ကြောင့် 'အ-ဝိဇ္ဇာ ပစ္စရာ သင်္ခါရာ'ဆိုတဲ့ တရားစကားရဲ့ အဓိပ္ပာယ်ကို နားလည်ရင်၊ လက်ခံရင် ရှေ့ဆက်သွားစရာ မလိုတော့ပါဘူး။ ရှင်းရှင်းလေးပါ။ နားမလည်၊ လက်မခံရင်တော့ စက်ဝိုင်းကြီးတစ်လျှောက် လမ်းလျှောက်နေကြဦးမှာပဲပေါ့။

နေ့ပြီးတော့ ည၊ ညပြီးတော့ နေ့ အားခွန်ရှိသမျှ နည်းပေါင်းစုံနဲ့ စီးပွားတွေ ရှာနေကြတယ်။ စီးပွားတွေရှာလို့ ရပြီဆိုပါတော့ လောကစီးပွားတွေ၊ မြေတွေ၊ တိုက်တွေ၊ စိန်တွေ၊ ရွှေတွေ၊ ကားတွေ၊ ဇနီးတွေ၊ ခင်ပွန်းတွေ၊ ရာထူးတွေ ရပြီဆိုပါတော့။ ဒီဘဝ၊ ဒီတစ်သက်၊ ဒီတစ်ခန္ဓာကိုယ်ပဲ ခံစားရမှာပဲ။ ဒီဘဝပြောင်းသွားတဲ့အခါ အဲ့ဒီစီးပွားဥစ္စာတွေကို ဘယ်သူတွေကများ ယူသွားနိုင်ကြလို့လဲ။ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ၊ ဇနီးတွေ၊ ခင်ပွန်းတွေ ပစ်ထားခဲ့ရပြီး လက်ဗလာကြီး ထွက်သွားကြရတာကြီးပဲ မဟုတ်လား။

ဒါ့ကြောင့် လူတွေဟာ'အ-ဝိဇ္ဇာ ပစ္စရာ သင်္ခါရာ' မ,သိလို့ ကုသိုလ်၊ အကုသိုလ် နှစ်ဖြာ လုပ်နေကြတာပဲဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အရင်းမူလတရားတော်ကို ဆရာတော် ဘဒ္ဒန္တဉာဏသီရိရဲ့ ပညာဓောတာရုံကျောင်းတွင်းက ဖောက်ထွင်းပြီး ပိုးတိုးဝါးတား စဉ်းစားမိသွားတာပါပဲ၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးရဲ့ စကားသုံးခွန်းကိုလည်း ကြားယောင်မိသွားသေးတယ်။ 'ခွင့်သာခိုက်မှ၊ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင်၊ ရှိသေးလေလိမ့်လား။ ခွင့်သာစဲမှ မန္တဲ့ချင်လျှင်၊ အလွဲနှင့်ပြင်၊ ရှိသေးလေလိမ့်လား။ ခွင့်သာတုန်းမှ၊ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင်၊ ရှိသေးလေလိမ့်လား'တဲ့။

ဇီးပင်ကြီးရွာ ပထမတစ်ခေါက်ရောက်ခဲ့စဉ်က ထုံးအကြောင်း ဝါးတားတား သိခဲ့တယ်။ ထုံးဆိုတာ ဘာကဖြစ်သလဲလို့ မသိခဲ့ဘူး။ ဇီးပင်ကြီးရွာရောက်မှ သိရတယ်။ ထုံးဆိုတာ ကျောက်တောင်ထဲက ကျောက်ခဲတွေကို ထုခွဲယူပြီး မီးနဲ့ဖုတ်လိုက်တော့ ထုံးတွေဖြစ်သွားတာပဲ။ အဲ့ဒီကျောက်ခဲတွေဟာ မြေက ဖြစ်လာတာပဲ ကြားခဲ့ဖူးတယ်။ ဗြဟ္မာကြီးတွေဟာ ဒီတောင်ကုန်းပေါ်တွေ ရောက်တော့ မြေကြီးတွေကို ကောက်စားကြတယ်။ ဒါနဲ့ပဲ သူတို့ ဗြဟ္မာပြည် မပြန်နိုင်ကြတော့ဘူး။ လူ့ပြည်မှာ လူတွေဖြစ်သွားကြတာတဲ့။ အခုလည်း လူတွေဟာ မြေကြီးကဖြစ်တဲ့ကျောက်ခဲ၊ ကျောက်ခဲကဖြစ်တဲ့ ထုံးတွေကို စားနေကြလို့ ဩဇာ၊ အာဏာတွေ ပျက်ကုန်ကြတယ်။ တန်ခိုးတွေ မှိန်သွားကြတယ်တဲ့။ ဟုတ်၊ မဟုတ်တော့ မသိပါ။

ဇီးပင်ကြီးရွာ ဒုတိယတစ်ခေါက်ရောက်တော့ ဆရာတော် ဘဒ္ဒန္တဉာဏသီရိရဲ့ ပညာဓောတာရုံကျောင်းထဲကို ဝင်ခဲ့ရတယ်။ မိုးကုတ်ဆရာတော်ကြီးရဲ့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ကြည့်ပြီး ဝမ်းမြောက်ခဲ့ရတယ်။ ခါးထောက်မိသွားတယ်။ ဆရာတော် ဘဒ္ဒန္တဉာဏသီရိလို သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ မြေအနှံ့ မိုးအနှံ့ ပျံ့ပါစေသားလို့။

**သီဃံ သိဇ္ဈန္တု သမ္မာသင်္ကပ္ပါ။**

အရှင်ပညိန္ဒ(မန္တလေး)



## ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား၊ ဆင်စာဘူဖေးကျွေးမွေး

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-ပြင်ဦးလွင်လမ်းမှ ၅ မိုင် ၅ ဖာလုံအကွာ၊ ရဲရွာရေအားလျှပ်စစ် စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူအလုပ်ပိတ်ရက်များနှင့် ဥပုသ်နေ့များတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ ပြည်သူများ လာရောက်အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်းဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူဖေးကျွေး ကုသိုလ်ပြုကြသည်။

ဝါးနက်အပန်းဖြေဆင်စခန်းရှိ ဆင်ကြီး ရှစ်ကောင်၊ ဆင်ကလေး သုံးကောင် စုစုပေါင်း ဆင် ၁၁ ကောင်အတွက် စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့နေ ဦးသက်ထွေးက မွေးနေ့အထိမ်းအမှတ် ဆင်စာဘူဖေး အသီးအနှံ ငွေကျပ် တစ်သိန်းဖိုးကိုလည်းကောင်း၊ မန္တလေးမြို့မှ မဖူးငုံသဲမှ ငွေကျပ် တစ်သိန်းဖိုး အသီးအနှံဘူဖေးကျွေးမွေးလှူဒါန်းခဲ့သည်။

ဝါးနက်ဆင်စခန်းမှ ဆင်ကလေးများအား အနီးကပ်လေ့လာခြင်း၊ ဆင်ရေချခြင်း၊ ဆင်အကြောင်း ဆင်ပြတိုက်တွင် ရှင်းပြခြင်းဝန်ဆောင်မှုများပေးခဲ့သည်။ ဆင်စာဘူဖေးကျွေးမွေး လှူဒါန်းလိုပါက ဖုန်း ၀၉-၄၃၀၅၄၀၃၈၊ ၀၉-၇၅၄၀၅၂၈၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

# စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေ၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



**ကျောက်ဆည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများရရှိပြီး စာဖတ်ရှိန်မြှင့်တင်ရေး ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက စာပေ၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ပင်တလည်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းအောင်က ကျောင်းသားကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတ ပြည့်စုံရေးနှင့် အားလပ်ချိန်များတွင် စာပေများလေ့လာဖတ်ရှုစေရေးအတွက် စာပေ၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက 'စာအုပ်စာပေလူ့မိတ်ဆွေ'၊ 'အလိမ္မာစာမှာရှိ'၊ 'ပညာရွှေအိုးလူမခိုး'၊ စသည့် ခေါင်းစဉ်များဖြင့် စာပေ၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

